*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6A**

# ပုရေနိသင်ရတုကဗျာ၏ ရသဖြစ်ပေါ်မှုအစဉ်

မော်မော်အောင် *

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ရသဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ လေ့လာ တင်ပြထား သော စာတမ်းဖြစ်ပါသည်။ အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရ၏ "ပုရေနိသင်" ပိုဒ်စုံရတုကဗျာ၏ ရသဖြစ်ပေါ်မှုကို ရသ၏သဘော လက္ခဏာ များနှင့် ချိန်ထိုးကာ လေ့လာထားပါသည်။ ထိုသို့ လေ့လာခြင်းဖြင့် မြန်မာ စာပေရှိ ရသနယ်ပယ်ကို အထောက်အကူပြုရန် ရည်ရွယ် ပါသည်။

**သော့ချက်ဝေါဟာရများ** – သိင်္ဂါရရသ၊ ဘာဝ၊ ဝိဘာဝ၊ အနုဘာဝ၊ ရတိ ဌာယီဘာဝ၊ ဗျဘိစာရီဘာဝ၊ သာတ္တိကာဘာဝ။

## နိဒါန်း

အင်းဝခေတ် စာဆိုရှင်မဟာရဋ္ဌသာရ၏ "ပုရေနိသင်" ပိုဒ်စုံရတုကဗျာသည် ခေတ်အဆက်ဆက် မရိုးနိုင်သော ရတုကဗျာတစ်ပုဒ် ဖြစ်ပါသည်။ စာဆိုသည် နန်းတွင်း၌ ကြီးပြင်းကာ မောင်မောက်ဘဝနှင့် အချစ်အလွမ်း များကို ခံစားခဲ့ရပြီး ချစ်သူ၏ အလှဘွဲ့ကို "ဝဏ္ဏာပဘာ" ရတုဖြင့် မှတ်တမ်းတင်ခဲ့ကြောင်း အစဉ်အလာ သဘောအရ ဆိုခဲ့ကြပါသည်။ ထိုချစ်သူကို မိမိရဟန်းဘဝ ရောက်သောအခါ စွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့၏။ ဆုံးဖြတ်သည့်အတိုင်း မိမိချစ်သူအား "နှမလက်လျှော့ နေလေတော့" ဟု ပုရေနိသင်ရတုကဗျာတွင် ဆိုခဲ့သည်။ ကဗျာတွင် စာဆို၏ ယတိပြတ်ဆုံးဖြတ်သော စိတ်ဓာတ်နှင့်အတူ ပုထုဇဉ်မျှသာဖြစ်သော စာဆို၏ အချစ်၊ အလွမ်း၊ ခံစားမှုများကို တွေ့နိုင်ပါသည်။ ဤစာတမ်းသည် ပုရေနိသင်ရတုကဗျာ၏ ရသသဘောကို လေ့လာရာတွင် ရသဖန်တီးသူ(စာဆို)၊ အနုပညာပစ္စည်း(ရတု)နှင့် ရသခံစားသူ (စာဖတ်ပရိသတ်)တို့ ပေါင်းစည်းကာ ရသဖြစ်ပေါ်လာပုံတို့ကို ဖော်ထုတ် တင်ပြထားပါသည်။

---

* ဒေါက်တာ၊ ပါမောက္ခ၊ မြန်မာစာဌာန၊ လှိုင်ကော်တက္ကသိုလ်

## ၁။ ရသဟူသည်

ပညာရှင်အသီးသီးတို့သည် ရသသဘောနှင့်ပတ်သက်၍ ခေတ်အဆက်ဆက် စူးစမ်း လေ့လာမှု ပြုခဲ့ကြပါသည်။ ရသဘောတရားကို BC(၂)ရာစုခန့်က အိန္ဒိယ နိုင်ငံမှ သက္ကတပညာရှင် ဘရတမုနိ၏ အကဆိုင်ရာသဘောများကို ဖော်ပြသည့် နာဋျသျှတ္တရ ကျမ်းမှ စတင်ခဲ့ပါသည်။ ပါဠိစာပေ လောက၌မူ AD(၁၁)ရာစုခန့်မှ ရသ အကြောင်း စတင်ဖော်ပြခဲ့သည့်ကျမ်းမှာ အရှင်သံဃရက္ခိတ မထေရ်၏ သုဗောဓာ လင်္ကာရကျမ်း ဖြစ်ပါသည်။ မြန်မာအလင်္ကာကျမ်းတို့၏ လက်ဦး ကျမ်းလည်း ဖြစ်သည်။

သက္ကတကျမ်းတို့၏အလိုအရ ဒိဋ္ဌလောကနှင့် အနုပညာလောကဟူ၍ လောက နှစ်မျိုးရှိပါသည်။ ဒိဋ္ဌလောကကို ထာဝရဘုရားကဖန်တီး၍ အနုပညာလောကကို စာဆိုက ဖန်တီးပါသည်။ ဒိဋ္ဌလောကတွင် ခံစားရမှုသည် သုခ၊ ဒုက္ခ(၂)ပါး ဒွန်တွဲ နေသော်လည်း၊ အနုပညာလောကတွင်မူ ရသဟူသည် ဒုက္ခမရှိ၊ သုခသာရှိသည်။ ချစ်စရာဖြစ်စေ၊ မုန်းစရာဖြစ်စေ နှစ်သက်စရာချည်း သာဖြစ်သည်။ ဤသည်မှာ ရသ၏ ထူးခြားချက်ပင်ဖြစ်ပါသည်။

ကျမ်းတို့၏အလိုအရ ရသသဘောကို စူးစမ်းမှုပြုခြင်းသည် စိတ်ခံစားမှုများကို စူးစမ်း လေ့လာခြင်းလည်းဖြစ်ပါသည်။ စိတ်ခံစားမှုဆိုရာ၌ အနုပညာကြောင့် ဖြစ်ပေါ်လာသော 'သာယာသောခံစားမှု'ကိုညွှန်းဆိုပါသည်။ ရသသည် စိတ်ကိစ္စဖြစ် သည့်အတွက် အလွန်ပင်သိမ်မွေ့ နက်နဲပါသည်။ ရသစာပေလောကတွင် ခံစားရသော နှစ်သက်မှုကို အမျိုးအမည်မဖော်ပြနိုင်သော နှစ်သက်မှုဟုဆိုပါသည်။[၁] ထိုသဘောကို စာပေအနုပညာရှင်အချို့က "ရသမှာစာပေ၏အဘိဓမ္မာ"[၂] ဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ပါ သည်။

ဖော်ပြပါ အဆိုအရ ရသအဘိဓမ္မာကို ပြဋ္ဌာန်းဖန်တီးသူမှာ စာဆိုဖြစ်ကြောင်း သိနိုင် ပါသည်။ စာဆိုသည် သူ၏စာပေလက်ရာကို ဖတ်ရှုသူတို့ ရသခံစားမှုဖြစ်စေ ရန် ဇာတ်ဆောင်နှင့် ပတ်ဝန်းကျင်လောကများကို ပုံဖော်ပါသည်။ စာပေအနုပညာ နယ်ပယ်အတွင်းရှိ ဇာတ်ဆောင်များကို စာဖတ်ပရိသတ်က နှစ်သက်စွာခံစားကြ၏။ ထိုအခါ စာဆိုဖော်ကျူးလိုသော ရသ(အဘိဓမ္မာ)သည် စာဖတ်သူထံသို့ ကူးစက် ရောက်ရှိသွားပါသည်။ ရသကူးစက်မှုအစဉ်အရ ရသဟူသည် စာဆို(စာဆိုကိုယ်တိုင်

---

[၁] ရွှေအောင်၊ ဦး၊ ၁၉၈၀၊ ၄။

[၂] သော်ဇင်၊ ဦး၊ ၁၉၆၈၊ ၂၀၁။

ဇာတ်ဆောင်အဖြစ်ပါဝင်ပါက)၊ ဇာတ်ဆောင်နှင့် စာဖတ်ပရိသတ်တို့ တစ်သားတည်း ဖြစ်သွားစေသော 'နှစ်သက်ဖွယ်ခံစားမှု' ပင်ဖြစ်ပါသည်။

## ၁၊ ၁။ ရသ၏ သဘောလက္ခဏာများ

စာပေအနုပညာအတွက် တစ်စုံတစ်ခုသော ရသခံစားမှုဖြစ်ပေါ်ရန် ဘာဝ၊ ဝိဘာဝ၊ အနုဘာဝ ဟူသော ရသ၏ သဘောလက္ခဏာများဖြင့် ရေးဖွဲ့ရပါသည်။ ယင်း (၃)မျိုး သည် ရသစာပေ၏ ဖိုခနောက်များဖြစ်သည်။

### ၁၊ ၁၊ ၁။ ဘာဝ၊ ဝိဘာဝ၊ အနုဘာဝ

ဘာဝ – ဟူသည် စိတ်ထဲတွင် ထူးထူးခြားခြား ဆန်းဆန်းပြားပြား ပေါ်ပေါက်လာသော ခံစားမှုပင် ဖြစ်ပါသည်။ "ဇာတ်ဆောင်တို့၏ စိတ်ဖြစ်ပုံအထူးသည် ဘာဝမည်၏"[၁] ဟု ဆိုပါ သည်။ ဘာဝ(၃)မျိုးရှိပါသည်။

- ဌာယီဘာဝ (၉)မျိုး
- ဗျာဘိစာရီဘာဝ (၃၃)မျိုး
- သာတ္တိကဘာဝ (၈)မျိုးဟူ၍ ပိုင်းခြားထားသည်။

ဝိဘာဝ – ဟူသည် ဘာဝ(၃)မျိုးကို ဖြစ်ပေါ်စေတတ်၊ တိုးပွားစေတတ်သော အကြောင်းရင်း ဖြစ်ပါသည်။ ရသဖြစ်ပေါ်ရန် စေ့ဆော်သည့်အကြောင်းရင်း (သို့) အကြောင်းထူး ဖြစ်ပါသည်။ တစ်နည်း "ဘာဝ၏ မုချအကြောင်း၊ အခြံအရံအကြောင်း သည် ဝိဘာဝမည်၏"[၂] ဟု ဆိုပါသည်။ ဝိဘာဝ (၂)မျိုးရှိပါသည်။

- အာလမ္ဗဏဝိဘာဝ နှင့်
- ဥဒ္ဒီပနဝိဘာဝ တို့ဖြစ်ပါသည်။

အာလမ္ဗဏဝိဘာဝဟူသည် ဌာယီဘာဝကို နှိုးဆွပေးသော မုချအကြောင်း ဖြစ်ပါသည်။ ဥဒ္ဒီပနဝိဘာဝဟူသည်မှာ ဌာယီဘာဝကို အကူအညီပေးသော အခြံအရံ အကြောင်းဖြစ်ပါသည်။

အနုဘာဝ – ဟူသည် ဌာယီဘာဝ၏အကျိုးဖြစ်သည်။ မီး၏အကျိုးဖြစ်သော မီးခိုးသည် မီးကိုသိရခြင်းအကြောင်း ဖြစ်သကဲ့သို့ ဘာဝသုံးပါးကို သိရခြင်း အကြောင်းသည် 'အနုဘာဝ' ဖြစ်ကြောင်း အလင်္ကာပန်းကုံးဆရာတော်ကဆိုပါသည်။

---

[၁] ကုမာရ၊ အရှင်၊ ၂၀၀၀၊ ၃၅၄။
[၂] –ယင်း– ။

အနုဘာဝသည် ဇာတ်ဆောင်တို့၏ ရင်တွင်းခံစားချက် (ဌာယီဘာဝ)ကို အပြင်ဘက်က သိသာလောက်အောင် ထင်ရှားပြတတ် သည့် ဇာတ်ဆောင်တို့၏ ကိုယ်နှုတ်စသည့် အမူအရာသဘော ဖြစ်သည်။ တစ်နည်း – "ဌာယီဘာဝ၏ အကျိုးတရားသည် အနုဘာဝ ဖြစ်ပါသည်။"[၁]

ဝိဘာဝနှင့် အနုဘာဝတို့သည် ရသကိုဖြစ်ပေါ်စေသော အကြောင်းတရားများ ဖြစ်ပြီး၊ ဘာဝသည် ရသဖြစ်ပေါ်မှု အကျိုးတရားများ ဖြစ်ပါသည်။

## ၁၊ ၁၊ ၂။ ဌာယီဘာဝ၊ ဗျဘိစာရီဘာဝ၊ သာတွိကာဘာဝ

ဌာယီဘာဝဟူသည် "မိမိသဘောအတိုင်းတည်ရှိနေသောဘာဝ"[၂] မျိုးဖြစ်သည်။ မျိုးဖြစ်သည်။ ဌာယီ ဘာဝများသည် လူသားတို့၏ နှလုံးအိမ်အတွင်း၌ ထာဝစဉ်ကိန်းအောင်း နေသော သတ္တိများဖြစ်သည်။ မထင်ရှားသည့်သဘောဖြစ်နေသည်။ မထင်ရှားသည့် သဘော သည်၊ သင့်လျော်သော အထောက်အပံ့ကို ရသောအခါ ထင်ရှားသည့်သဘော အနု ဘာဝအဆင့် ရောက်၏။ ထိုမှတစ်ဆင့် ဇာတ်ဆောင်၏ အနုဘာဝကြောင့် ဌာယီ ဘာဝအဆင့် ပီပြင်ကာ ပရိသတ်အား ရသခံစားမှုကို ဖြစ်ပေါ်စေပါသည်။

"ဝိဘာဝ၊ အနုဘာဝ စသည်တို့ဖြင့် သာယာအပ်သောသဘောသို့ ရောက်စေအပ်သည် ဖြစ်၍ ရသဟုဆိုသင့်သော ဘာဝမျိုးသည် ဌာယီဘာဝ"[၃] ပင် ဖြစ်ပါသည်။

ထို့ကြောင့် ရသနှင့်အပြိုင် ဌာယီဘာဝလည်း (၉)မျိုးရှိပါသည်။

| | | | |
|---|---|---|---|
| (၁) | "ချစ်ကြိုက်ခြင်း | – | ရတိဌာယီဘာဝ |
| (၂) | ပြုံးရယ်ခြင်း | – | ဟာသဌာယီဘာဝ |
| (၃) | သနားကြင်နာခြင်း | – | သောကဌာယီဘာဝ |
| (၄) | ကြမ်းကြုတ်ခြင်း | – | ကောဓဌာယီဘာဝ |
| (၅) | ရဲရင့်ခြင်း | – | ဥဿဟ ဌာယီဘာဝ |
| (၆) | ကြောက်ခြင်း | – | ဘယဌာယီဘာဝ |
| (၇) | စက်ဆုပ်ရွံရှာခြင်း | – | ဇိဂုစ္ဆာဌာယီဘာဝ |
| (၈) | အံ့သြခြင်း | – | ဝိမှယဌာယီဘာဝနှင့် |

[၁] ရွှေအောင်၊ ဦး၊ ၁၉၈၀၊ ၁၂၇။
[၂] ကုမာရ၊ အရှင်၊ ၂၀၀၀၊ ၃၅၇။
[၃] –ယင်း– ၃၇၈။

(၉) ငြိမ်သက်တည်ကြည်ခြင်း – သမဋ္ဌာယီဘာဝ"[၁] တို့ ဖြစ်ပါသည်။

၅၂၈ သွယ်သော မေတ္တာနှင့်ယှဉ်သည့် ဝစ္ဆလျရသကို ထည့်လျှင် ရသ (၁၀)ပါး ဟူ၍လည်းကောင်း၊ ရသ စစ်စစ်ကား သန္တရသ တစ်ပါးတည်းသာရှိသည် ဟူ၍သာ ဆိုကြပါသည်။

ဦးရွှေအောင်က ရသဖြစ်ပေါ်မှုသဘောကို နို့ခမ်းနှင့်ဖျော်ရည်နည်း တို့ဖြင့် ပြပါသည်။ ဖျော်ရည်နည်းဖြင့် ပြရာတွင် ဖျော်ရည်ရသပေါ်လာစေရန် ပြင်ပဥ္စရှိသည့် မန်ကျည်း၊ ထန်းလျက် စသည်တို့ကို ခွက်ထဲ၌ စုပေါင်းသကဲ့သို့၊ ရသဟူသည် ဝိဘာဝ၊ အနုဘာဝ စသည့် သက်ရှိသက်မဲ့ ဝတ္ထုများ၊ အကြောင်းအရာများကို ပရိသတ်၏ နှလုံးအိမ်အတွင်း စုပေါင်းလိုက်ခြင်းဖြစ်ပါသည်။ တစ်ခုစီပါဝင်သော သီးခြားအရသာကို စွန့်၍ ဖျော်ရည်အရသာကဲ့သို့၊ ရသအဆင့်ရောက်ချိန်၌ တစ်ခုတည်းသာရှိအပ်ကြောင်းကို ဆိုပါသည်။

ရသ – ဟူသည် သိစရာအာရုံနှင့် သိစိတ်တို့ပေါင်းစပ်ခြင်းဖြင့် ဖြစ်ပေါ်လာသော ကျေနပ် နှစ်သက်မှုပင်ဖြစ်သည်။ ဖျော်ရည်၏ အရသာကို သောက်သုံးမှ သိသကဲ့သို့ အနုပညာလက်ရာကို လည်း ခံစားမှသာ 'ရသ' ဖြစ်သည်။ မခံစားသမျှ 'ရသ' မဖြစ်၊ ဌာယီဘာဝအဆင့်တွင်သာ ရှိပါသည်။

'ဌာယီဘာဝကို တိုးပွားအောင် မွေးမြူပေးတတ်သော ယာယီခံစားမှုများသည် ဗျဘိစာရီဘာဝ များဖြစ်သည်။ ဗျဘိစာရီဘာဝသည် တည်မြဲခြင်းမရှိ။ ထင်ရှားလိုက်၊ ကွယ်ပျောက်လိုက်၊ ပေါ်လိုက်၊ ငုပ်လိုက်ဘာဝမျိုးဖြစ်သည်။ "မိမိသဘောအတိုင်း မတည်နိုင်သော ဌာယီဘာဝသည် ဗျဘိစာရီဘာဝပင်ဖြစ်သည်။"[၂] လောကီကျမ်းတို့၌ ဗျဘိစာရီဘာဝ (၃၃)မျိုး ရှိကြောင်း အညီအညွတ်ဆိုကြသည်။ ယင်းမှာ–

| | | | |
|---|---|---|---|
| ၁။ | "ငြီးငွေ့ခြင်း(နိဗ္ဗေဒ) | ၁၈။ | ကြောင့်ကြခြင်း(ဥဿုက္က) |
| ၂။ | ပျော့ယာခတ်ခြင်း(အာဝေဂ) | ၁၉။ | ရူးသွပ်ခြင်း(ဥမ္မာဒ) |
| ၃။ | ညှိုးငယ်ခြင်း(ဒီနတာ) | ၂၀။ | မလုံမလဲဖြစ်ခြင်း(သင်္ကာ) |
| ၄။ | ပင်ပန်းခြင်း(သမ) | ၂၁။ | အောက်မေ့ခြင်း(သတိ) |
| ၅။ | ယစ်မူးခြင်း(မဒ) | ၂၂။ | ဆုံးဖြတ်ခြင်း(မတိ) |

[၁] သော်ဇင်၊ ဦး၊ ၁၉၆၈၊ ၂၁၀။
[၂] သော်ဇင်၊ ဦး၊ ၁၉၆၈၊ ၂၁၃။

၆။ မှင်တက်မိခြင်း(ဇဠတာ)

၇။ ကြမ်းတမ်းခြင်း(ဥဂ္ဂတာ)

၈။ တွေဝေခြင်း(မောဟ)

၉။ မျက်စိကျယ်ခြင်း(ဝိဗောဓ)

၁၀။ မြင်ယောင်နေခြင်း(သုပိန)

၁၁။ စိတ်ဖောက်ပြန်ခြင်း (အပမာရ)

၁၂။ မာန်တက်ခြင်း(ဂဗ္ဗ)

၁၃။ အသက်စွန့်ခြင်း(မရဏ)

၁၄။ လေးလံခြင်း(အာလဿ)

၁၅။ စိတ်မထိန်းနိုင်ခြင်း(အမရိသ)

၁၆။ ငိုက်မျဉ်းခြင်း(နိဒ္ဒါ)

၁၇။ ချုပ်တည်းခြင်း(အဝဟိတ္ထာ)

၂၃။ ဖျားနာခြင်း(ဗျာဓိ)

၂၄။ ကြောက်လန့်ခြင်း(တာသ)

၂၅။ ရှက်ခြင်း(လဇ္ဇာ)

၂၆။ ပျော်ရွှင်ခြင်း(ဟာသ)

၂၇။ ငြူစူခြင်း(အသူယာ)

၂၈။ အားကိုးရာမဲ့ခြင်း(ဝိသာဒ)

၂၉။ ကျေနပ်ခြင်း(ဓိတိ)

၃၀။ မနာလိုခြင်း(စပလတာ)

၃၁။ ညှိုးချုံးခြင်း(ဂိလာနိ)

၃၂။ ပူပန်ခြင်း(စိန္တာ)

၃၃။ တွေးတောခြင်း(ဝိတက္က)”[1] တို့ဖြစ်ပါသည်။

သာတွိကဘာဝဟူသည် “စိတ်ကြောင့်ဖြစ်သောအခြင်းအရာ”[2] ပင်ဖြစ်သည်။ ဌာယီဘာဝ ၏ အကျိုး၊ အနုဘာဝဖြစ်သင့်သော်လည်း၊ စိတ်၏ဖောက်ပြန်ခြင်းအဖြစ်များကြောင့် ဘာဝတစ်ခုအနေဖြင့် တည်နေခြင်းဖြစ်သည်။ စိတ်၏ဖြစ်ခြင်းများ အထင်အရှားဖြစ်ပေါ်လာလျှင်မူ အနုဘာဝဖြစ်သည်။ သာတွိကဘာဝ (၈)မျိုးရှိ၏ ယင်းမှာ–

၁။ “ကိုယ်စိတ်တို့၏ခိုင်ခံ့ခြင်း (ထမ္ဘ)

၂။ မိန်းမောတွေဝေခြင်း (ပလယ)

၃။ ကြက်သီးမွေးညှင်းထခြင်း(ရောမဉ္စ)

၄။ ချွေးထွက်ခြင်း(သေဒ)

၅။ မျက်ရည်ထွက်ခြင်း(အဿု)

[1] ရွှေအောင်၊ ဦး၊ ၁၉၈၀၊ ၂၄၃–၂၄၄။

[2] ကုမာရ၊ အရှင်၊ ၂၀၀၀၊ ၃၆၅။

၆။ ကိုယ်စိတ်တုန်လှုပ်ခြင်း(ဝေပထု)

၇။ အဆင်းဖောက်ပြန်ခြင်း(ဝေဝဏ္ဏ)

၈။ အသံပျက်ခြင်း(ဝိသရတာ) တို့ဖြစ်သည်။[၁]

သာဓကအားဖြင့် – “မျက်ရည်ထွက်ခြင်း” ဟူရာ၌ သောကဖြစ်ခြင်း၊ ပြုံးရယ်ခြင်း၊ အနာရောဂါအခိုးသင့်ခြင်း စသည်ဖြင့် ရှိနိုင်သည်။ မည်သည့် ဝိဘာဝကြောင့်ဖြစ်သော ခံစားမှုဟူ၍ မသိနိုင်။ ထို့ကြောင့် အဖွဲ့အနွဲ့စာစီအကုံး၌ ‘ဝိဘာဝ’ ‘အနုဘာဝ’ တို့နှင့်တကွ ‘ဘာဝ’ ကိုပြရသည်ဟု မှတ်သားမိပါသည်။

ဌာယီဘာဝသည် ဝိဘာဝ၊ အနုဘာဝ၊ ဗျဘိစာရီဘာဝတို့ဖြင့် ပေါင်းစပ်ကာ ရသ၏ ဖြစ်ပေါ်ခြင်း၊ သိသာခြင်း၊ ကြီးပွားခြင်းများဖြစ်ပေါ်လာစေသည်။ တစ်နည်း– ရသဖြစ်ပေါ်ရန် အတွက် ဌာယီဘာဝသည် ဝိဘာဝ၊ အနုဘာဝ၊ ဗျဘိစာရီဘာဝတို့ဖြင့် ဆက်သွယ်ပြီး သာယာနှစ်သက်စေသောအဖြစ်သို့ အရောက်ပို့ဆောင်ခြင်းဖြစ်သည်။ (တစ်ပါးတည်းသောရသ ဖြစ်သည့် သန္တရသ) ‘ရသစစ်စစ်သည် ရသ၏ နယ်ဆုံးဖြစ်သော်လည်း ရသစာပေ၏ပန်းတိုင်မဟုတ်။ ရသစာပေ၏ ပန်းတိုင်မှာ လောကအသိအမြင်ပေးရန်’[၂] ဖြစ်ပါသည်။

## ၂။ ပုရေနိုသင်ရတုကဗျာ၏ ရသဖြစ်ပေါ်ပုံလေ့လာချက်

### ၂၊ ၁။ ကဗျာတွင်ပါဝင်သောဖြစ်စဉ်များ

ကဗျာတွင် ပါဝင်သောဖြစ်စဉ်များနှင့်ပတ်သက်၍ ရတု၏ ပထမပိုဒ်တွင်–

- ရှေးရေစက်ဆုတောင်းကြောင့် ငယ်ကျွမ်းချစ်ဖြစ်ရပုံ
- ငယ်ရွယ်သူတို့၏ ချစ်ခြင်းသဘော
- ချစ်ခြင်းကြောင့် စွန့်စားရင်သန်လျက်ရှိသော အပြုအမူများ
- ချစ်ခြင်းတရားနှင့် သာသနာရေးမအပ်စပ်ပုံ
- ဆင်ခြင်မိပုံ ဟူ၍လည်းကောင်း၊

ရတု၏ ဒုတိယပိုဒ်တွင်–

- ချစ်သူထံမှ စာခွေရောက်လာခြင်းနှင့် ဆက်စပ်လျက်ရှိသော စိတ်ခံစားပုံ့လွင့်မှုများ

---

[၁] သော်ဇင်၊ ဦး၊ ၁၉၆၈၊ ၂၁၅–၂၁၆။

[၂] အောင်သောင်း၊ ဦး၊ ၂၀၀၈၊ ၈၈။

- ရဟန်းဘဝ၏ကျင့်ကြံအားထုတ်မှုများ
- ရဟန်းဘဝ၏ ထိန်းချုပ်စောင့်စည်းမှုစိတ်သန္တာန်
- ထပ်လောင်းဆင်ခြင်မိပုံ ဟူ၍လည်းကောင်း၊

ရတု၏ တတိယပိုဒ်တွင်–

- ပုထုဇဉ်ပီပီ ချစ်သူထံရစ်ဝဲလျက်ရှိသော စိတ်ပျံ့လွင့်မှု
- နေရာဒေသနှင့်ချစ်သူနှစ်ဦး၏ အမူအရာများ
- ချစ်သူမိန်းကလေးအပေါ်သနားသည့်စိတ်ခံစားမှု
- အချိန်ကာလနှင့် မိန်းကလေး၏ စိတ်အသွင်
- ရဟန်းဖြစ်သူဇာတ်ဆောင်၏ စိတ်အတွေး ဟူ၍လည်းကောင်း၊

တွေ့ရှိနိုင်ပါသည်။

ဖော်ပြပါဖြစ်စဉ်များကို အခြေခံ၍ ကဗျာတွင်ပါဝင်သော ရသဖြစ်ပေါ်မှုအခြေခံ အစိတ်အပိုင်းများကို လေ့လာ တင်ပြသွားပါမည်။

## ၂.၂။ ကဗျာတွင် ပါဝင်သောရသအစိတ်အပိုင်းများလေ့လာမှု

### ၂.၂.၁။ ရတုပထမပိုဒ်

"ပုရေနိသင်" ရတုကဗျာတွင် ဇာတ်ဆောင်(ရဟန်းပျို)နှင့် ချစ်သူ မိန်းကလေးသည် ရသဖြစ်ပေါ် စေရန်အကြောင်းအရင်း 'အာလမ္ဗဏဝိဘာဝ' များဖြစ်သည်။ စာဖတ်သူသည် စာဆိုဖန်တီးရာ ရတုတွင်းမှ ပုထုဇဉ် ရဟန်းပျိုဇာတ်ဆောင်ကို အာရုံထားပါမည်။ ထိုအခါ ဇာတ်ဆောင် (ရဟန်းပျို) သည် ချစ်သူမိန်းကလေးကို ချစ်ခြင်းအဖြစ်ကြောင့် ရတိဋ္ဌာယီဘာဝဖြစ်စေမည့် အာလမ္ဗဏဝိဘာဝဖြစ်ပြီး၊ မိန်းမပျို သည် ဇာတ်ဆောင် (ရဟန်းပျို)အား 'ရတိ' ဟူသော ချစ်ခြင်းတရားကို တိုးပွားစေရန် အားပေးသော အခြံအရံအကြောင်းဖြစ်၍ ဥဒ္ဒီပနဝိဘာဝ ဖြစ်ပါသည်။

ရှေးရေစက်ဆုတောင်းကြောင့် ချစ်ခဲ့ရသူ ငယ်ကျွမ်းချစ်ကို အိမ်ရှင်မအဖြစ် ရည်မှန်းမိပုံ၊ လက်သင်ဆံထုံး ထုံးစအရွယ်ကတည်းက ချစ်ခဲ့ရပုံ၊ ကံတရားကြောင့်ပင်ချစ်ချစ်၊ ချစ်သင့်သော ဆန္ဒကြောင့်ပင်ချစ်ချစ်၊ သံယောဇဉ်ဖြစ်ခဲ့ ချစ်ခဲ့ရပုံများကို ရတု၏ ပထမပိုဒ်တွင်–

> "ပုရေနိသင်၊ ဆက်တိုင်းကြင်၍
> အိမ်ရှင်အစစ်၊ ငယ်ကျွမ်းချစ်နှင့်

ထပ်ရစ်လက်သင်၊ ထုံးစတွင်၌
သွေးငင်ကြမ္မာ ဝါသနာကြောင့်”[၁]

ဟူ၍ ဇာတ်ဆောင်၏ စိတ်အတွေးများကို ဖွဲ့ပြထားသည်။ ထို အောက်မေ့ခြင်း စိတ်အတွေး များသည် (သတိ)ဗျာဘိစာရီဘာဝများ ဖြစ်ပါသည်။ စိတ်အတွေးများ၏ ရိုက်ခတ်မှုကြောင့် ချစ်သူချင်း တွေ့ဆုံရန် မကြိုးစားခင်

“ဆရာမိဘ၊ ကွပ်ဆုံးမလည်း
ချစ်စထုံးနှောင်၊ ပျော်ရအောင်”[၂]

ဟူသောအသံကို ကြားယောင်မိစေသည်။ ထိုအသံသည် စိတ်၏ဖြစ်ခြင်းများ အထင်အရှား ဖြစ်ပေါ်လာသည့် (နှုတ်အမူအရာ) ‘အနုဘာဝ’ လည်းဖြစ်သည်။ (နှုတ်အမူအရာ) ‘အနုဘာဝ’ မှသည် ထပ်ဆင့်၍ ရှင်သန်စေသော (ကိုယ်အမူအရာ) ‘အနုဘာဝ’ များအဖြစ်–

“သန်းခေါင်မဟူ၊ အတူယှဉ်နွဲ
သန်လွဲမခန့်၊ ကိုယ်သက်စွန့်၍
ဝေးခွန့်ခရီး၊ ချုံကြီးတောအုံ
ဝါးရုံဝါးထွေး၊ သစ်ကျားဘေးကို
မတွေးဆံဖျား၊ မလေးစားတည့်”[၃]

ဟူ၍ တွေ့နိုင်သည်။ ချစ်ခြင်းကိန်းတည်နေသော၊ ရတိဌာယီဘာဝဖြစ်နေသော ဇာတ်ဆောင်၏ အမူအရာများသည် အသက်ဝင်လျက်ရှိပါသည်။ ချစ်ခြင်းဦးဆောင်နေခြင်းကြောင့် ဇာတ်ဆောင်သည် သန်းခေါင်ကိုလည်း မကြောက်၊ သားရဲတိရစ္ဆာန်ကိုလည်း မမှု၊ ချစ်သူမိန်းကလေးထံ အရောက်သွားခဲ့သည်။ မည်မျှပင် ဝေးကွာသော ခရီးရှည်ကြီးပင်ဖြစ်နေပါသော်လည်း အရောက်သွားပါသည်။ ချုံကြီး တောစုံ ထူထပ်ရှုပ်ထွေးနေပါသော်လည်းပဲ အရောက်သွားပါမည်။ ငယ်ရွယ်သူတို့၏ ချစ်ခြင်းသဘောသည် သဘာဝကျလျက်ရှိနေ၏။

ချစ်သူထံအရောက်သွားရာ လမ်းခရီးသည် ဖြောင့်ဖြူးမှုမရှိ၊ သာယာမှုမရှိ။ သို့သော် ချစ်သူထံသို့အရောက်သွားနေသော ဇာတ်ဆောင်၏ စိတ်အတွေးထဲတွင်မူ

---

[၁] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၉၂၊ ၁၇။
[၂] – ယင်း – ။
[၃] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၉၂၊ ၁၇။

ကြည်နူးသာယာမှုများ ရှိနေသည်။ ပင်ပန်းသော်လည်း ပင်ပန်းသည်မထင်။ ချစ်ခြင်း၏အဖြစ်ကြောင့် "ပင်ပန်းခြင်း" သည် သုခသဘောဖြစ်လျက် ငုပ်လျှိုးနေသည်။ ဇာတ်ဆောင်၏ "ချစ်ခြင်းကြောင့် စွန့်စားရှင်သန်လျက်ရှိသော အပြုအမူများ" သည် ပေါ်လွင်သော ကိုယ်အမူအရာ 'အနုဘာဝ' များ ဖြစ်ပါသည်။ ထို 'ရတိဋ္ဌာယီဘာဝ' ဖြစ်နေသော ဇာတ်ဆောင်ထံတွင် "ပင်ပန်းခြင်း" က ငုပ်လျှိုးနေသော "ဗျဘိစာရီဘာဝ" ဖြစ်ကြောင်း လေ့လာသိရှိနိုင်ပါသည်။

အတွေးဝင်နေသော ဇာတ်ဆောင်သည် မိမိ၏အဖြစ်ကို မိမိသိလိုက်သည်။ မိမိသည် သာမန် ပုထုဇဉ်မဟုတ်။ ရဟန်းဘဝရောက်နေသော ပုထုဇဉ်ဖြစ်သည်။ ထို့ကြောင့် တရားသဘောကို နှလုံးသွင်းမိ၏။ သံသရာဘေးကိုလည်း ထိတ်လန့်ခြင်း ဖြစ်မိသည်။ ရဟန်းဘဝနှင့် မိန်းမပျိုသည် မည်သို့မျှ မအပ်စပ်။ ဘဝချင်းဆက်စပ်မရမှုသည် ကြေးနှင့် ရွှေပမာပင်။ ဗုဒ္ဓဘာသာ မြန်မာယောကျ်ားလေး ဖြစ်၍လည်း သာမဏေဘဝနှင့် စာဝါများလိုက်ခဲ့သည်။ လောကီလောကုတ္တရာဗဟုသုတများကို ရှာမှီးခဲ့၏။ သာသနာ့ဘောင်ကို ပျော်ပိုက်၍ ပဉ္စင်းဘဝကိုပင် ရောက်ခဲ့ရပြီ။ မြတ်စွာဘုရားဟောတော်မူအပ်သော ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)နှင့်လည်း ထိတွေ့ခွင့် ရနေပြီဖြစ်သည်။ ထို့ကြောင့် သမုဒယနှောင်ကြိုးကို ထပ်၍ ခိုင်မြဲအောင် မကြိုးစားလိုတော့ပေ။ ယင်းကို–

"တရားသံဝေ၊ အောက်မေ့ချေသော်  
ကြေးရွှေဂဟေ၊ မစပ်ချေသို့  
စာပေတတ်ပွန်၊ ဓမ္မက္ခန်နှင့်  
ကျမ်းဂန်သိမြောက်၊ ပဉ္စင်းရောက်က  
ထပ်လျှောက်ကြင်ဘွယ်၊ ရေးသောနယ်ကို  
အဘယ် ကြိုးရှာလေတော့မည်"[၁]

ဟု ဆိုထားခဲ့သည်။ ချစ်ခြင်းကြောင့် ရွှင်လန်းတက်ကြွနေသောစိတ်နှင့် ယိမ်းယိုင်နေမှုကို တရားအသိတရားသတိဖြင့် ထိန်းမတ်နိုင်သောစိတ်တို့သည် ဇာတ်ဆောင်၏ရင်တွင်းရှိ (မတိ)ဗျဘိစာရီဘာဝများ ဖြစ်ပါသည်။ 'စာပေတတ်ပွန်၊ ဓမ္မက္ခန်နှင့် ကျမ်းဂန်သိမြောက်၊ ပဉ္စင်းရောက်က' ဟူသော အချက်သည် ဇာတ်ဆောင်၏ ပဉ္စင်းဘဝကို ပီပြင်မှုဖြစ်စေရန် ထောက်ပံ့ခြိရံထားသော ဥဒ္ဒီပနဝိဘာဝများအဖြစ် မှတ်ယူနိုင်သည်။

---

[၁] ရှဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၉၂၊ ၁၇။

## ၂၊ ၂၊ ၂။ ရတုဒုတိယပိုဒ်

ရတုဒုတိယပိုဒ်ကို–

"လူ့မြေတိတွင်၊ ဖက်မမြင်သား
သန့်စင်ငယ်က၊ လက်တော်လှနှင့်
ချိန်းချစ္စေရေ၊ မှာစာခွေကို
စသေလိပ်ပြီး၊ ခင်းနှီးကွက်ကျယ်
ပြောက်မျိုးခြယ်သား၊ ဆင်စွယ်ဝန်းယှက်
မွေးမယ်ရက်သည်၊ အသက်တို့က
ဆက်လှာရသား"[၁] ဟူ၍ စထားခဲ့သည်။

ချစ်သူသည် ပြိုင်ဘက်မရှိအောင်လှသူဖြစ်သည်။ ရုပ်လှသကဲ့သို့ စိတ်လှသူလည်း ဖြစ်သည်။ ချစ်သူမိန်းကလေးထံမှ စာခွေရောက်လာသည်။ စာခွေကို ဆင်စွယ်ဝန်းယှက်နေသည့် အပြောက်အမွမ်းများပါသော အဝတ်စဖြင့် သေသပ် ကျနစွာ ပတ်လိပ်လျက် ပို့လိုက်ခြင်းဖြစ်သည်။ ထိုအဝတ်စလေးသည် ချစ်သူကိုယ်တိုင်လှပသော လက်ကလေးများဖြင့် ရက်လုပ်ထားခြင်းလည်း ဖြစ်သည်။ မိမိထံ စာခွေရောက်လာရန်အတွက် အဆင့်ဆင့်အားထုတ်ကြိုးပမ်းခဲ့သော ချစ်သူ မိန်းကလေးနှင့် ပတ်သက်နေသည့် စိတ်အတွေးဖြစ်ရပ်များသည် (သုပိန)ဗျာဘိစာရီဘာဝများ ဖြစ်ပါသည်။ ထို့ပြင် ဇာတ်ဆောင်(ရဟန်းပျို)၏ 'ရတိဌာယီဘာဝ' ဟူသည့် ချစ်ခြင်းကို တိုးပွားစေအောင် ခြံရံထားသော ဥဒ္ဒီပနဝိဘာဝအဖွဲ့များအဖြစ်လည်း ယူဆနိုင်ပါသည်။

ဇာတ်ဆောင်သည် မိမိ၏ ပျံ့လွင့်နေသော စိတ်အတွေးများကို စုစည်းရပြန်၏။ ရဟန်း၏ ဝိနည်း၊ သိက္ခာပုဒ်များ၊ ပညတ်ချက်များကို အပ်သွားပမာဏမျှ၊ ဆံချည်မျှင်လေးမျှလောက် အမှားမရှိအောင် စောင့်ထိန်းရသည်။ သို့သော် စာဝါလိုက်ခြင်း၊ စာပေများကျက်မှတ်ခြင်းတို့၌ (မောဟ) ဗျာဘိစာရီဘာဝသတိ လက်လွတ်ဖြစ်ခဲ့ရပြန်သည်။ သတိကင်းကွာခြင်းသည် သံသရာရှည် မည့်အဖြစ်များ ဖြစ်သည်။ သံသရာမှ ကင်းလွတ်ရန်အတွက် လက္ခဏာရေးသုံးပါးကို တစ်ဖန်ပြန်၍ ဆင်ခြင်ရပြန်၏။ ကမ္ဘလွေ့ရင်မှာပိုက်ကာ စာဝါလိုက်နေခြင်းမှ စိတ်ပျံ့လွင့်နေသော ဇာတ်ဆောင်(ရဟန်းပျို)၏ ဖြစ်အင်သည် (စိန္တာ)ဗျာဘိစာရီဘာဝပူပန်ခြင်းနှင့် (ဓိတိ)ဗျာဘိစာရီဘာဝ ငြိမ်း

[၁] ရွှေသာရ၊ ရှင်မဟာ၊ ၁၉၉၂၊ ၁၇။

အေးခြင်းတို့ တစ်လှည့်စီပေါ်လိုက်၊ ငုပ်လိုက်ဖြစ်နေကြောင်း သိနိုင်ပါသည်။ 'ဗျာဘိစာရီဘာဝ' ၏ သဘောပင်ဖြစ်သည်။

"စက်လည်ရဟတ်၊ တစ်ပတ်ပတ်လျှင်
အနတ်ဒုက္ခ၊ အနိစ္စဟူ၊
နှလုံးမူစွ၊ ပေးလှူစွန့်ကြ"[၁]

ဟူသော အဖွဲ့သည် ဇာတ်ဆောင်က မိမိနှင့် မိမိချစ်သူအပါအဝင် သံသရာခရီးသည်များအားလုံးသည် သံသရာလည်မည့်အဖြစ်များမှ ရုန်းထွက်စွန့်လွှတ်ကြရန်နှင့် မိမိကိုယ်တိုင်လည်း ရဟန်းအဖြစ် ရပ်တည်ချက်ခိုင်မာစေရန် 'စိတ်အတွေးအင်အား' သဘောယူထားသည့် (မတိ)ဗျာဘိစာရီဘာဝအဖွဲ့များဖြစ်သည်။ ယင်းနောက်မှ ရဟန်းဘဝ၏ ဝိနည်းသိက္ခာများ၊ အသိတရားများဖြင့် စောင့်စည်းရင်း၊ ယတိပြတ်ဆိုလိုက်သော 'ဤဘဝတွင်၊ နှမလက်လျှော့ နေလေတော့' ဟူသော အသံကို စာဖတ်သူသည် ကြားယောင်ယောင် ဖြစ်လာစေသည်။ မိမိ၏စိတ်ကို ပိပိရိရိ လုံခြုံစွာ ထိန်းချုပ်လိုက်ပြီး အဆုံး၌ ပွင့်အန်ထွက်လာသော ထိုအသံသည် ဇာတ်ဆောင်၏ 'အနုဘာဝ' (ဝစီကံ အပြုအမူ) သဘောလည်းဖြစ်သည်။

"မူလသိက္ခာ
ဆုံးမစာနှင့်၊ ငါးဖြာဝိနည်း
စောင့်စည်းပညပ်၊ အပ်တိတစ်သွား
တစ်ဆံဖျားမျှ၊ မမှားအာရုံ
ကာမဂုံကို၊ မမြဲ့ရချေ"[၂]

ဟူသောအချက်များသည် ရဟန်းဘဝကို ပေါ်လွင်စေရန် ခြံရံထားသော 'ဥဒ္ဒီပနဝိဘာဝ' များ ဖြစ်ပါသည်။

"ဖြတ်ငယ်သေစွ
ကမ္ဘလွေ့ရင်ပိုက်
တစ်ကိုက်မချွတ်၊ စာလက်လွတ်၍"[၃]

---

[၁] –ယင်း–။

[၂] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၉၂၊ ၁၈။

[၃] – ယင်း –။

ဟူသော အဖွဲ့သည် သံယောဇဉ် အနှောင်အဖွဲ့ကြောင့် သတိလက်လွတ်ဖြစ်ကာ သာတွိကဘာဝ ဦးဆောင်နေခဲ့ဖြစ်သည်။ တွေဝေငေးငိုင်နေသည့် ဖြစ်အင်ကို ဖော်ကျူးထားသော အနုဘာဝ (ကိုယ်အမူအရာ)လည်း ဖြစ်သည်။

"ချစ်ပေါ့မကြုံ၊ ညှိုးငယ်ပုံမှူ
ရှက်ဟုံကျေးကြုပ်၊ ချမင်းတုပ်သို့
စိတ်ချုပ်မဖွင့်၊ ပျံ့လွင့်မေတ္တာ
ကရုဏာနှင့်၊ တဏှာလောဘ
ဒေါသမြွေးထူ၊ ရမ္မက်မြူကို
ဘယ်သူနိုးရာလေတော့မည်"[၁]

ဟူသောအဖွဲ့သည် သံသရာရှည်မည့်အဖြစ်များကို တရားသဘောနှင့် ဆင်ခြင်မှု ပြုထားခဲ့သည်။ ဇာတ်ဆောင်၏ သတိတရားနှင့် စိတ်ထိန်းချုပ်မှုအခြေအနေကို ထင်ဟပ်ပြထားသော (မတိ) ဗျဘိစာရီဘာဝ အဖွဲ့များဟု ဆိုနိုင်ပါသည်။

## ၂၊ ၂၊ ၃။ ရတုတတိယပိုဒ်

ဇာတ်ဆောင် (ရဟန်းပျို)သည် ပုထုဇဉ်မှန်သမျှ ငြိတွယ်တတ်သော သံယောဇဉ်တရားတို့ကို မိမိ၏ တရားအသိဖြင့် ထိန်းချုပ်နိုင်ခဲ့ပြီဟု ရတုဒုတိယပိုဒ်အဆုံးတွင် ယုံကြည်ခဲ့၏။ သို့သော် ရတု တတိယပိုဒ်အစတွင်မူ ပုထုဇဉ်မျှသာဖြစ်သော ဇာတ်ဆောင်သည် ချစ်သူမိန်းကလေးထံ ရစ်ဝဲ ပျံ့လွင့်ခဲ့ပြန်သည်။ ငယ်ရွယ်သူတို့ သဘာဝအတိုင်း ချစ်သူနှင့် ပျော်ရွှင်ခဲ့ပုံများသည် မျက်ဝါး ထင်ထင် ဖြစ်ခဲ့ရပြီ။ ထိုသဘောကို

"ဆုဝေဘိချင်၊ ငယ်ကျွမ်းဝင်နှင့်
သို့ပင်တာရှည်၊ ပျော်ရမည်ဟု
ညောင်စည်သားများ၊ မြို့ရှေ့ပါးဝယ်
ထင်ရှားကျော်ဟိုး၊ ရက္ခစိုး၌
ပုဆိုးကြာညွန့်၊ ပိတ်လျှပ်တွန့်ကို
ဖြန့်၍တစ်ထည် ရစ်ဖွဲ့ချည်မှ
ငယ်မည်မွကြက်ဟ၊ နူတ်သံမြနှင့်

[၁] –ယင်း–။ ၁၇။

ခက်မတစ်ထောင်၊ ပညောင်စောင့်တတ်

ရှင်နတ်မြတ်ကို၊ တိုင်မှတ်သက်သေ

ပြုဖူးပေရှင့်”[၁]

ဟူ၍ ဆိုထားသည်။ ချစ်သူနှင့်ပျော်ရွှင်ခဲ့ရာနေရာသည် အင်းဝမြို့ အရှေ့ဘက်ရှိ ခက်လက်ဝေဖြာလျက်ရှိသော ညောင်ပင်ကြီး၏ ရုက္ခစိုးနတ်မင်း ရှေ့မှောက်တွင် ဖြစ်သည်။ နေရာဒေသနောက်ခံသည် ချစ်ခြင်း 'ရတိဋ္ဌာယီဘာဝ' ကို ခြံရံထားသည့် 'ဥဒ္ဒီပနဝိဘာဝ' များဖြစ်သည်။

ကြာမျှင်ဖြင့် ရက်လုပ်ထားသော နူးညံ့ပါးလွှာသည့် ပုဝါစဖြင့် ချစ်သူတို့ လက်ချင်းထွေးရစ်ပတ်နှောင်ကာ ဆုတောင်းခဲ့၏။ ပျော်ရွှင်ရခြင်း၏အဖြစ်ကို အရှည်သဖြင့် ခံစားချင်သည်။ နှစ်ဦး ကိုယ်စီငယ်မည်လေးများကို မြွက်ဟရင်း ရှင်နတ်မြတ်ကို တိုင်တည်ခဲ့ရကြောင်း ဇာတ်ဆောင်နှင့် ထပ်တူ (သုပိန)ဗျဘိစာရီဘာဝသဘော အဖြစ် မြင်ယောင် ကြားယောင်လာမိစေသည်။ ရတု ပထမပိုဒ်တွင် 'သွေးငင် ကြမ္မာဝါသနာကြောင့်'ဟု ဆိုထားသော်လည်း၊ ရတုတတိယပိုဒ်တွင် 'မကွေသစ္စာဝါသနာကြောင့်' ဟုဆိုထားရာ သစ္စာတရားဖြင့် ခိုင်မြဲစွာ ချစ်ခဲ့ကြကြောင်း အနုဘာဝ အပြုအမူများဖြင့် ထင်ရှားစေသည်။

အတိတ်က ပုံရိပ်များကို မြင်ယောင်ရင်း ပြတ်သားစွာဆိုခဲ့မိသော မိမိ၏အဖြစ်ကြောင့် ချစ်သူအပေါ် 'ရုပ်ဝါပျို့ရွယ်၊ သနားဖွယ်' ဟု တွေးထင်မိရပြန်သည်။ ပြတ်သားရခြင်း၊ ပူပန်ရခြင်းတို့ တစ်လှည့်စီဖြစ်နေကြောင်း သိနိုင်သည်။ ချစ်သူမိန်းကလေးကို တမ်းတနေရင်းမှ တရားသတိ ရှိနေပါကြောင်းကို 'ရေးနှယ်ကြိုးကုပ်ချမင်းတုပ်နှင့်' ဟူ၍ (ဝိတက္က)ဗျဘိစာရီဘာဝ သဘော ထင်ဟပ်ပြပြန်သည်။ တရားသတိနှင့်အတူ ပူပန်တွေးတောမှု အလွမ်းကဝင်လာပုံကို–

“ခွက်မြုပ်ခါညီ

နာရီမောင်းချ၊ ဒေသနိမိတ်

သက်ကြီးဆိတ်လည်၊ မမိုတ်မျက်တောင်

သည်းခေါင်ဆူလည်း၊ ရှိလိမ့်မည်ဟု

လွမ်းသည်ထပ်ဆင့်၊ ဖူးချိန်သင့်ကို

[၁] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၉၂၊ ၁၈။

မျှော်လင့်ခိုးရှာလေတော့မည်။"[၁]

ဟု ဆိုထား၏။ အချိန်သည် သက်ကြီးခေါင်းချချိန်ဖြစ်သည်။ 'ချစ်သူမိန်းကလေးသည် မိမိအား တိတ်တခိုးမျှော်လင့်နေပေလိမ့်မည်' ဟူသည့် ဇာတ်ဆောင်ရဟန်းပျို၏ အတွေးကို (ဉသုက္က) ဗျာဘိစာရီဘာဝဖြင့် ရေးဖွဲ့ပြထားသည်။ 'သည်းခေါင်ဆူလည် ရှိလိမ့်မည်' ဟူသော မိန်းကလေး၏ အလွမ်းကို ဇာတ်ဆောင်နှင့်တစ်ပါတည်း စာဖတ်ပရိသတ် ခံစားမိစေသည်။ မိမိကလွမ်းရသည့် အဖြစ်ထက်၊ မိန်းကလေး၏ ရင်တွင်းက မိမိအား လွမ်းနေသည့်အဖြစ်ကို ထင်ဟပ်ပြမှုသည် ပို၍ နက်ရှိုင်းလှ သည်။

ချစ်သူ၏အရွယ်၊ ကြည်နူးဖွယ်ဖြစ်ရပ်အမူအရာများနှင့် မြွက်ဟ တိုင်တည်မှု များသည် မြင်ယောင်ကြားယောင်လာစေသော 'အနုဘာဝ'များ ဖြစ်သည်။ မိန်းကလေး ၏ ချိန်းဆိုချက်၊ အချိန်နာရီ နေရာဒေသများသည် ချစ်ခြင်း 'ရတိဋ္ဌာယီဘာဝ' ကို တိုးပွားလာစေသော အခြံအရံ 'ဥဒ္ဒီပနဝိဘာဝ' များဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

ဤရတုကဗျာသည် စာဆိုရဟန်းဘဝမရောက်မီ ငယ်ဘဝအတိတ်ဖြစ်ရပ်များ ၏ မှတ်တမ်းတစ်ခုအဖြစ် ယူဆနိုင်ပါသည်။ ငယ်ရွယ်သူတို့၏ သဘာဝနှင့် ပုထုဇဉ် တို့၏ စိတ်ဖြစ်စဉ် သဘာဝ များသည် သဘာဝကျသောဖြစ်စဉ်တစ်ခု အဖြစ် သုံးသပ် နိုင်သည်။

ရတု၏ပထမပိုဒ်အစမှာပင် စာဖတ်သူအာရုံထားရာနေရာသည် ဇာတ်ဆောင် (စာဆို)ပင် ဖြစ်ကြောင်းဆိုခဲ့ပါသည်။ ဇာတ်ဆောင် (စာဆို)သည် ချစ်ခြင်းတည်ရာ 'ရတိဋ္ဌာယီဘာဝ' ဖြစ်၍၊ ဇာတ်ဆောင်ဖြစ်ပေါ်နေသော 'ရတိဋ္ဌာယီဘာဝ' ကို ဝိဘာဝ၊ အနုဘာဝ၊ ဗျာဘိစာရီဘာဝတို့ ဖြင့် ခြံရံထောက်ပံ့ဆက်သွယ်မိကာ စာဖတ်သူ၏ စိတ်အစဉ်သည် ဇာတ်ဆောင်နှင့်အတူ လိုက်ပါ ခံစားလျက်ရှိပါသည်။

ဇာတ်ဆောင်၏ ရင်တွင်းခံစားချက်အတွေးများကို သိသာစေရန် အနုဘာဝတို့ ဖြင့် ပံ့ဖော်ပါသည်။ ဇာတ်ဆောင်ဖြစ်ပေါ် နေသော ဌာယီဘာဝကိုတိုးပွားအောင် မုချ အကြောင်းဖြစ်သော — အာလမ္ဗဏဝိဘာဝကို အခြံအရံဖြစ်သော ဥဒ္ဒီပနဝိဘာဝများက ပံ့ပိုးထားပါသည်။ ထိုပံ့ပိုးမှုကြောင့် ဇာတ်ဆောင်၏စိတ်သည် အမျိုးမျိုး ဆန်းကြယ် လျက် 'ဗျာဘိစာရီဘာဝ' သဘော ပထမပိုဒ်မှာပင် အစပျိုးခဲ့ပါသည်။

---

[၁] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၉၂၊ ၁၈။

ရတု၏ဒုတိယပိုဒ်တွင်မူ ဇာတ်ဆောင်၏ 'ဗျာဘိစာရီဘာဝ' သဘောကို အထင်အရှား ဖြစ်အောင် ရေးဖွဲ့ထားပါသည်။ ဤအပိုဒ်တွင် 'ရတိဋ္ဌာယီဘာဝ' ကို ပို၍အားကောင်းအောင် ပံ့ပိုး ခြံရံထားသော ဥဒ္ဒီပနဝိဘာဝ အစုနှစ်စုတွေ့နိုင်ပါသည်။ ပုထုဇဉ်လူသားဘဝ၏ ချစ်ခြင်းကို ဖော်အောင်သော ဥဒ္ဒီပနဝိဘာဝ အခြံအရံနှင့် ရဟန်းဘဝ၏တရားအသိများကို ဖော်ဆောင်သော ဥဒ္ဒီပနဝိဘာဝအခြံအရံဟူ၍ ဖြစ်ပါသည်။ ထိုနှစ်စု၏ အားပြိုင်မှုက ဇာတ်ဆောင်၏ ရင်တွင်းရှိ ပူပန်ခြင်းနှင့် ငြိမ်းအေးခြင်းကို တစ်လှည့်စီဖြစ်ခွင့်ပေးနေပါသည်။ စိတ်အစဉ်နှစ်စုက တစ်လှည့်စီ ပေါ်လိုက်ငုပ်လိုက်ဖြင့် ဗျာဘိစာရီဘာဝ၏ အဖြစ်ကို အထင်အရှားပြုထားခဲ့သည်။ ဇာတ်ဆောင်၏ စိတ်ခံစားမှု၊ ထိန်းချုပ်မှုနှင့်အတူ အနုဘာဝအဖြစ်ပွင့်အန်လာသော 'ဤဘဝတွင် နှမလက်လျှော့ နေလေတော့' ဟု တရားချကာ ဖျောင်းဖျပြောဆိုသော စကားသည်ပင် သံယောဇဉ်စကားတစ်ခု အဖြစ် မှတ်ယူနိုင်ပါသည်။

သံယောဇဉ်၏အားကောင်းမှုကြောင့် အတိတ်ဘဝ၏ဖြစ်ရပ်များက ပုံပေါ်လာပုံကို ရတု၏ တတိယပိုဒ်တွင် ဖွဲ့ဆိုထင်ဟပ်ပြခဲ့ပါသည်။ ရတိဋ္ဌာယီဘာဝကို ခြံရံထားသော ဥဒ္ဒီပနဝိဘာဝ များ၏ အနုစိတ်မှုကြောင့် ဇာတ်ဆောင်၏ ချစ်ခြင်းသဘောသည် ပို၍ ထင်ရှား ပီပြင်လာခဲ့ရပေသည်။ နောက်ဆုံး ချစ်သူမိန်းကလေး လွမ်းနေမည့်အဖြစ်ကို ဇာတ်ဆောင်ဖြစ်သူတွေးကာ လွမ်းခဲ့သည်။ ပေါင်းဖက်ခွင့် မရခဲ့ကြပေ။ ဖြူစင်သော သံယောဇဉ်ရှိပြီးမှ ကွေကွင်းခဲ့ရသည်။ စာဖတ်သူသည် စာဆိုဖန်တီးထားသော ဇာတ်ဆောင်နှင့်တစ်သားတည်း ဖြစ်သွားစေသည်။ တစ်နည်း ရတုထဲမှ ဇာတ်ဆောင်သည်ပင် စာဆိုဖြစ်နေသဖြင့် စာဆိုနှင့်မိမိ၊ မိမိနှင့်စာဆို တစ်သားတည်း ဖြစ်လျက်ရှိသည်ဟု ဆိုနိုင်သည်။ ယင်းသည် အနုပညာဖန်တီးမှုကြောင့် ဖြစ်ပေါ်လာသော နှစ်သက်ဖွယ်ခံစားမှုပင် ဖြစ်ပါသည်။

အနုဘာဝဖော်ပြမှုအားကောင်းလျှင် ရသခံစားသည့်နေရာ၌ စူးစူးရှရှ နှစ်နှစ်ကာကာ ရှိနိုင်ပါသည်။ ဤရတုကဗျာသည် ဇာတ်ဆောင်စာဆို၏ နောက်ကြောင်းပြန်အတွေးများဖြင့် ပုံဖော်ထားသောရတုဖြစ်ခြင်းကြောင့် အနုဘာဝထက် ဗျာဘိစာရီဘာဝ အလေးကဲသည်ဟု ဆိုနိုင်သည်။ အနုဘာဝအပြုအမူများကို ဗျာဘိစာရီဘာဝမှတစ်ဆင့် ယှဉ်တွဲသိမြင်ရခြင်းသည်ပင် ရသခံစားမှု၌ ပို၍ ထိရောက်သွားစေသည်။

ခြုံ၍ဆိုရသော် 'ပုရေနိသင်' ရတုကဗျာသည် ဘာဝ၊ ဝိဘာဝ၊ အနုဘာဝ၊ ဗျာဘိစာရိဘာဝ တို့ဖြင့် ဖြစ်ပေါ် တိုးပွားစေအပ်သော ရတိဋ္ဌာယီဘာဝသည်ပင် သိင်္ဂါရရသ၊ တစ်နည်း ချစ်သူချင်း ကွေကွင်းရသောအဖြစ်ကြောင့် 'အယောဂ သိင်္ဂါရရသ' ကို ခံစားစေနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ခံစားရခြင်းအဆင့်သည် ဝေဒနာအဆင့် ဖြစ်ပါသည်။ ခံစားပြီးနောက်စိတ်အညစ် အကြေးများကင်းစင်ခြင်း(Catharsis) အဆင့်

ရောက်လျှင်မှု ငြိမ်းအေးခြင်းဟု ခေါ်ပါမည်။ ယင်းသည်သာ ရသစစ်စစ် (သန္တရသ) ဖြစ်ကြောင်း ပညာရှင်တို့၏အဆိုကို မှတ်သားတွေးဆလျက် ရှိပါသည်။

## နိဂုံး

ရှေးပညာရှင်တို့က အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရ၏ စာတို့သည် ထန်းတက်သမား၏ ရင်ပတ်နှင့်တူသည်ဟုဆိုခဲ့ကြပါသည်။ စာဆို၏စာများသည် လောကုတ္တရာနှင့်လောကီ ပူးတုံ၊ ကွာတုံ ဖြစ်ခြင်းကို ရည်ညွှန်းဆိုကြခြင်း ဖြစ်သည်။ စာဆို ရှင်မဟာရဋ္ဌသာရ၏ 'ပုရေနိသင်' ပိုဒ်စုံရတုကဗျာကို နှစ်သက်စွာ ဖတ်ရှုရင်း တရားသဘောကို ထိတွေ့ခွင့်ရသကဲ့သို့၊ ပုထုဇဉ်တို့၏ သဘာဝကိုလည်း နှစ်သက်စွာ ခံစားစေပါသည်။ စာဆို ရှင်မဟာရဋ္ဌသာရ၏ ရတုကို ရသရှုထောင့်မှနေ၍ မိမိအားထုတ်တွေးမြင်မိသမျှ လေ့လာတင်ပြခြင်းဖြင့် မြန်မာစာပေရှိ ရသခံစားမှုနယ်ပယ်အတွက် တစ်စိတ်တစ်ဒေသ အထောက်အပံ့ ပြုနိုင်မည်ဟု ယုံကြည်ပါသည်။ ။

## ကျမ်းကိုးစာရင်း


ကုမာရ၊ အရှင်။ (၂၀၀၀)။ ***အလင်္ကာပန်းကုံး***(သတ္တမအကြိမ်)။ ရန်ကုန်၊ စန်းရောင်ရှိန်စာပေ။

ရဋ္ဌသာရ၊ ရှင်မဟာ။ (၁၉၉၂)။ ပုရေနိသင်အလွမ်းဘွဲ့ပိုဒ်စုံရတု။ ဒေါ်ပို(တည်းဖြစ်သူ)၊ ***မြန်မာစာညွန့်ပေါင်းကျမ်း***(ပဥ္စမတွဲ)(စာ–၁၇–၁၈)။ ရန်ကုန်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း။

ရွှေအောင်၊ ဦး။ (၁၉၈၀)။ ***ရသစာပေ၏ ရသ***။ ရန်ကုန်၊ နေလင်းပိဋ္ဌကတ်ပုံနှိပ်တိုက်။

သော်ဇင်၊ ဦး။ (၁၉၆၈)။ ***ကဗျာလမ်းညွှန်***။ ရန်ကုန်၊ ကာလာမောင်ဝင်းပုံနှိပ်တိုက်။

အောင်သောင်း၊ ဦး။ (၂၀၀၈ နိုဝင်ဘာလ)။ သန္တရသဟူသည်၊ ***အနော်မာမဂ္ဂဇင်း***၊ ၈၁–၈၈။

# ရသဖြစ်ပေါ်မှုအစဉ်

**မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့**
**ဆယခုနစ်ကြိမ်မြောက်စာတမ်းဖတ်ပွဲအတွက်တင်သွင်းသောစာတမ်း**

**ဒေါက်တာမော်မော်အောင်**
**ပါမောက္ခ**
**မြန်မာစာဌာန၊ လှိုင်ကော်တက္ကသိုလ်**

**၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ( ၂၆ ) ရက်**

# ကိုယ်ရေးအကျဉ်း

အမည် – ဒေါက်တာမော်မော်အောင်

မိဘအမည် – ဦးသန်းအောင်+ဒေါ်အေးအေးမာ

မွေးသက္ကရာဇ် – ၂၉–၇–၁၉၆၅

ဇာတိ – ရန်ကုန်

ပညာအရည်အချင်း – ဝိဇ္ဇာဂုဏ်ထူးဘွဲ့(၁၉၉၁)၊
မဟာဝိဇ္ဇာဘွဲ့(၁၉၉၆)၊

ပါရဂူဘွဲ့(၂၀၀၇)၊

အင်္ဂလိပ်စာဒီပလိုမာ(၂၀၀၉)။

စတင်အမှုထမ်းခဲ့သောနေ့ – ၁၉–၁၁–၁၉၉၃

အမှုထမ်းခဲ့သော တက္ကသိုလ်များ –

တိရစ္ဆာန်မွေးမြူရေးနှင့်ဆေးကုသရေးတက္ကသိုလ်

ကြည့်မြင်တိုင်နယ်မြေ

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

မြိတ်တက္ကသိုလ်

ရန်ကုန်တက္ကသိုလ်

မော်လမြိုင်တက္ကသိုလ်

လှိုင်ကော်တက္ကသိုလ်

လက်ရှိရာထူးနှင့်တက္ကသိုလ် – ပါမောက္ခ၊ မြန်မာစာဌာန၊
လှိုင်ကော်တက္ကသိုလ်။